# မင်းရဲ့အလွမ်းတွေမိုးမမိဖို့ ထီးမိုးပေးမယ်

ကောင်းမြတ်ဇိုင်ဇိုင်



အမှာစာ

## စာဖတ်သူတွေအတွက် စာရေးသူ ပြောပြချင်တာတွေ ...

ကျွန်တော့်ရဲ့ "မလွမ်းတတ်အောင် သင်ပေးပါ" စာအုပ်လေး မမျှော်လင့်ဘဲ တတိယအကြိမ်ထိ ပြန်ရိုက်နိုင်အောင် ဝန်းရံအားပေးခဲ့ကြတဲ့ စာဖတ်သူ တစ်ယောက်ချင်းစီတိုင်းကို ကျေးဇူးတင်ရပါတယ်။ အဲဒီအားအင်တွေနဲ့ပဲ "မင်းရဲ့အလွမ်းတွေ မိုးမမိဖို့ ထီးမိုးပေးမယ်" စာအုပ်ကို ဆက်ပြီး ရေးဖြစ်ခဲ့တာပါ။

"မလွမ်းတတ်အောင် သင်ပေးပါ"စာအုပ်လေးနဲ့ ပုံစံနည်းနည်းလေး ကွဲထွက်အောင် ပြင်ဆင်ထားပါတယ်။ ပထမစာအုပ်လေးမှာ ဝတ္ထုတိုတွေ အရေးများခဲ့ပေမဲ့ ဒုတိယစာအုပ်မှာတော့ စကားပြေဆန်တာတွေ၊ ရင်ဖွင့်စာတွေ၊ ခံစားချက်စာတိုတွေ အရေးများခဲ့ပါတယ်။

အဓိက ပြောချင်တာကတော့ ထူးထူးခြားခြား စကားလုံးတွေနဲ့ ဖန်တီးထားတာ မဟုတ်ဘဲ ပုံမှန်ကြားဖူးနေကျ၊ သုံးနှုန်းနေကျ စကားလုံးတွေနဲ့ပဲ စကားဆန်ဆန် ဖန်တီးပုံဖော်ထားတာပါ။

တစ်စုံတစ်ရာ အမှားအယွင်းပါခဲ့ရင်လည်း နားလည်ခွင့်လွှတ်ပေးကြဖို့ မျှော်လင့်ရင်း စာဖတ်သူတွေအားလုံး မျှော်လင့်ချက်တွေ မြန်မြန်ပြည့်နိုင်ကြပါစေ။

စာအုပ်ငှားဖတ်တဲ့ ခေတ်တစ်ခုကို ကျော်လွန်ခဲ့ပြီး ကိုယ်တကယ်ဖတ်ချင်တဲ့ စာအုပ်ကိုမှ အပိုင်ဝယ်ယူကြတဲ့ ဒီခေတ်အခြေအနေမှာ အခုလိုရပ်တည်

ခွင့် ပေးကြတာကို တကယ် ကျေးဇူးတင်ရပါတယ်။

စာဖတ်သူတိုင်းကို လေးစားချစ်ခင်တဲ့

ကောင်းမြတ်ပိုင်ပိုင်

***

မိုးနဲ့ အတူ ရင်ဖွင့်တဲ့စာ

***

လာခဲ့တော့ အချစ်ရယ်

ကြင်နာခြင်းတွေ မိုးထားတဲ့ အိမ်လေးတစ်လုံး
ရင်ဘတ်ထဲမှာ ထုဆစ်ထားတယ်
မြတ်နိုးခြင်း ပြတင်းပေါက် လေးတွေ ရှိမယ်
ဆပ်ခြင်း ပန်းချီ ကားတွေ နံရံမှာ အပြည့်
ချစ်ခြင်းတွေ ကြမ်းခင်းထားတယ်

ရင်ခုန်သံတွေနဲ့ နွေးနေတဲ့ အိပ်ခန်း လေးတွေ ဖွဲ့ထားတယ်
ဂရုစိုက်ခြင်းသစ်ပင်တွေက ခြံဝန်းထဲမှာ အ ပြည့်
မတ္တာတရားတွေနဲ့ ခြံစည်းရိုး လေးခတ်ထားတယ်

သံယောဇဉ် လမ်းသွယ်လေးကတစ်ဆင့်
မင်း ရောက်အောင်လာဖို့ပဲ လိုတော့တယ်
ရပျော်ရွှင်ခြင်းတံခါးပေါက်လေး
ဖွင့်ပေးထားပါပြီ ကွယ်…

***

## ကျွန်တော် တရားချင်ပါတယ်

မမျှော်လင့်တော့ဘူးလို့
ကိုယ့်စိတ်ကို ညာလို့ မရတဲ့အခါ
အဖြူရောင်သက်သက်နဲ့
မျှော်လင့်တတ်အောင်
ကြိုးစားခဲ့တယ်...

ကိုယ်အပေါ် နာကျင်စေစေသူကိုမှ
ထာဝရ မမေ့နိုင်ခဲ့ဘူး ...
လောကကြီးက မတရားဘူး
ကျွန်တော်က တရားချင်ပါတယ်
ကိုယ့်အပေါ် ကောင်းတဲ့ သူကိုပဲ
ဆက်ချစ်ချင်တယ်
ကိုယ့်အပေါ် ရက်စက်သူကို
မလွမ်းနေချင်တော့ဘူး
ကျွန်တော် တကယ်ပဲ တရားချင်ပါတယ်...

***

တိတ်တိတ်ကလေး ဆက်သွယ်နေတုန်းပဲ

မင်းမသိနိုင်တဲ့ နေရာလေးတစ်ခုမှာ
ငါ ပျော်အောင်နေတယ်
ဘယ်တော့မှ ပြောမပြတော့မယ့် အကြောင်းအရာတွေ
ရင်ဘတ်ထဲမှာ သိမ်းထားရင်း
အဆင်ပြေအောင် ရှင်သန်နေပါတယ်။

လိုက် မရှာပါနဲ့လို့
တားဆီးခဲ့တဲ့ငါက
မင်းသတင်းတွေ၊ မင်းအကြောင်းတွေ
မင်းနဲ့ပတ်သက်သမျှ အရာရာတွေ
မင်းမသိအောင် နားစွင့်ရင်း
ရင်ဘတ်ထဲကတစ်ဆင့်
တိတ်တိတ်လေး ဆက်သွယ်နေတုန်းပဲ…

လမ်းခွဲစကားတွေနဲ့
မင်းအနားက ထွက်သွားခဲ့ပေမဲ့

မင်းမရှိတဲ့ နေရာတစ်ခုမှာ နေထိုင်ရင်း
နှလုံးသားကို စည်းတားထားခဲ့တယ်

မင်းဘက်က ဘယ်တော့မှ ပြန်မဆုံနိုင်တော့ဘူးလို့
ထင်ကောင်းထင် နေပေမဲ့
ငါကတော့ တိတ်တဆိတ်
မင်းကို ဆက်သွယ်နေတုန်းပဲ

***